## ၂၀၁၆ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စိတ်ကြိုက်မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) မောင်ဘစီဝတ္ထုတိုမှ မောင်ဘစီ၏စိတ်နေသဘောထားကို ဝေဖန်သုံးသပ်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

သာခု၏ ဦးချမ်းသာဝတ္ထုတိုမှ ဦးချမ်းသာ၏စရိုက်ကို သရုပ်ဖော်တင်ပြပါ။

( ခ ) အာဇာနည်မိခင်ပြဇာတ်၏ ရည်ရွယ်ချက်နှင့် ရည်ရွယ်ချက်သို့ရောက်အောင် တင်ပြထားပုံကို ပေါ်လွင်အောင် ရေးပါ။ (၁၅မှတ် )

(သို့မဟုတ်)

မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်မှ လူ့သဘာဝအဖွဲ့များကို တင်ပြပါ။

၂။( က) အောက်ပါတို့မှ **နှစ်ခု**ကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ် )

(၁) သမီးရတနာ၊ လှမြတ်စွာကို၊ ကွယ်ရာပြုပြင်၊ တန်ဆာဆင်မှ၊ သဘင်ပွဲလယ်၊ ကျင်းသောနယ်သို့။

(၂) ဝါတမိဂ၊ မည်ရခေါ်တွင်၊ လေနှယ်လျှင်သား၊ သမင်ဥပမာ၊ တစ်ထုံးနာလော့။

(၃) တစ်ယောက်ချမ်းသာ၊ ကိုယ်ဖို့ရှာ၍၊ သတ္တာဝါပေါင်း၊ ဆင်းရဲကြောင်းဖြင့်။

(၄) လိုလိုခါခါ၊ ပေးချင်စွာလည်း၊ လွယ်ကာမရ၊ ပစ္စည်းလျှမှု၊ စိတ္တာရုံသီ၊ ပန်းချီဆေးမွဲ၊ ဟူသကဲ့သို့။

( ခ ) သံဝရပျို့မှ မှတ်သားလိုက်နာဖွယ် အချက်များကို တင်ပြပါ။ (၁၅မှတ် )

(သို့မဟုတ်)

ပေးကမ်းခြင်းသည် အောင်မြင်ရာဖြစ်ကြောင်းကိုသံဝရပျို့တွင် မည်သို့ရေးဖွဲ့ထားသနည်း။

၃။ (က) အောက်ပါတို့မှ **နှစ်ခု** အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ် )

တြိချိုး၊ နဘေထပ်ကာရန်၊ အိုင်ချင်း၊ တေးထပ်။

( ခ ) အောက်ပါကဗျာ၏ အမျိုးအမည်ကို ဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့်ရှင်းပြပါ။ (၁၅မှတ် )

လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး၊ ခိုဖြူခိုပြာနက်ကယ်၊ ဖမ်းခက်လှသေး။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ **ငါးခု** ကို ဖြေပါ။ (၁၀မှတ် )

(၁) မက္ခရာမင်းသားကြီးပြုစုခဲ့သော အဘိဓာန်အမည်ကို ရေးပါ။

(၂) ဇိနတ္ထပကာသနီကျမ်းကို မည်သူရေးသနည်း။

(၃) သခင်ဘသောင်း၏ ထင်ရှားသော ဝတ္ထုအမည်ကို ဖော်ပြပါ။

(၄) ကင်းဝန်မင်းကြီးသည် မည်သည့်ခရီးသွားမှတ်တမ်းကို ရေးသနည်း။

(၅) ထင်ရှားသည့် သာချင်းဆရာတစ်ဦး၏ အမည်ကို ဖော်ပြပါ။

(၆) လက်ဝဲသုန္ဒရ၏ ထင်ရှားသော ရတုများကို ဖော်ပြပါ။

(၇) စိန္တကျော်သူ ဦးဩ၏ ပျို့အမည်ကို ဖော်ပြပါ။

(၈) ဦးလတ်ရေးသားသော ဝတ္ထုနှစ်ပုဒ်၏ အမည်ကို ဖော်ပြပါ။

( ခ ) ကုန်းဘောင်ခေတ်တွင်တွေ့ရသော ဝတ္ထုများအကြောင်းကို ဆွေးနွေးတင်ပြပါ။ (၁၅မှတ် )

(သို့မဟုတ်)

မြန်မာစာပေသမိုင်းမှ ကိုလိုနီခေတ် ခေတ်စမ်းကဗျာများအကြောင်းကို ဆွေးနွေးပါ။